# ပြောင်းဖူးခင်းထဲကတရားစီရင်မှု

## Judgment In a cornfield

By Emest Shubird

မှုပြင်းတဲ့ ဇူလိုင်လရဲ့ နံနက်ခင်းတစ်ခုမှာကျွန်တော်ဟာ ငြီးငွေ့စွာနဲ့ဂေါ်ပြားလက်ကိုင်ကို မှီရင်း အတွေးတွေကို ဒီပြောင်းဖူးပင်တွေကို မြေဆွနေရတာထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ ကျွန်တော့်ရဲ့ အကြံတွေဆီကို ပို့လွှတ်ထားလိုက်ပါတယ်။ မမျှော်လင့်ဘဲအဖိုးကို မြင်လိုက်ပါတယ်။ အဲဒီအချိန်အထိ သူဟာ သနားကြင်နာညှာတာမှုမှာ ကျွန်တော့်ရဲ့ စံပြ ပုဂ္ဂိုလ်ပေါ့။ ယာခင်းကိုဖြတ်ပြီး ရှည်လျားထက်မြက်တဲ့ သစ်ကြားပင်ရဲ့ သစ်ကိုင်းကို ဝှေ့ရမ်းရင်းနဲ့ ယာကွက်တစ်ကွက်ပြီးတစ်ကွက်ကို ဖြတ်လတ်စွာ ဖြတ်လျှောက်လာပါတယ်။

သွားပါပြီ။ သူ့ရဲ့သည်းခံနိုင်တဲ့ အတိုင်းအတာကို ကျွန်တော် ကျော်ဖြတ်မိပြီဆိုတာကို သိလိုက်ပါတယ်။ (၁၁) နှစ်သားသာရှိသေးတဲ့ ကျွန်တော့်လက်မောင်းတွေနဲ့ ပြောင်းဖူးပင်လေးတွေကို အမြန် မြေဆွပေးလိုက်ပါတယ်။ ပြောင်းဖူးပင်တွေက သူ့ရဲ့ ခြေကို ပွတ်တိုက်ပြီး ထွန်ယက်ပြီးသား ယာမြေပေါ်က သူ့ခြေလှမ်းတွေရဲ့ အသံကို ကြားနေရသည့်တိုင် မော်ပြီး မကြည့်ရဲပါဘူး။ ကြုံရတော့မယ့်အရာကို ထိတ်လန့်စွာ စောင့်စားရင်း အဖိုးက "ယေရှုလည်း တခါတခါတော့ ငိုခဲ့တာပဲ။ ဒါပေမယ့် လိုအပ်လာရင်တော့ ကြမ်းတယ်" လို့ပြောခဲ့တာကို သတိရမိပါတယ်။ ဒီတစ်ခေါက်တော့ အဖိုးလည်း ပထမဆုံး အကြိမ် အနေနဲ့ ကျွန်တော့်အပေါ်မှာ ကြမ်းတော့မှာပဲ။

အဲဒီနွေတုန်းက ကျွန်တော် (၁၁) နှစ်ပဲ ရှိသေးတယ်။ ကမ္ဘာ့စီးပွားရေး ကပ်ကြီးရဲ့ အကျိုးဆက်တွေဟာ တင်နစီပြည်နယ်မှာ ထင်ကျန်နေဆဲအချိန် ဖြစ်ပါတယ်။ တောင်ပေါ်က လူအများစုဟာ သူတို့ရဲ့ ယာခင်းသေးသေးလေးတွေထဲက ကောက်ပဲသီးနှံနဲ့ အိမ်မွေးတိရစ္ဆာန်တွေအပေါ်မှာပဲ မှီခိုနေရပါတယ်။

အဲဒီမနက်မှာတော့ ကျွန်တော်က ပြောင်းဖူးခင်းလေးကို မြေဆွပေးနေပြီး အဖိုးကတော့ ယာထွန်တာကိုပဲ ပြီးအောင် ဆက်လုပ်နေပါတယ်။ "အဖေ၊ သူ့ကိုပစ် စလက်ခတ် မနေခိုင်းနဲ့နော်"လို့ အဖေက အဖိုးကို ပြောတယ်။ "အချောင်ခိုပြီး ဂေါ်ပြားလက်ကိုင်ကို မမှီခိုင်းပါနဲ့။ ခုတောင်မှ သူ တော်တော် အပျင်းထူနေပြီ" အဖေဟာ ကျွန်တော့် အပေါ်မှာ အဖိုးက အရမ်းပျော့မှာကို စိုးရိမ်တယ်။ သူက အမေ့ကိုလည်း ပြောတယ်" "အဖေကတော့ တခါတလေ ပျော့လွန်းအားကြီးတာပဲကွာ"။

ကျွန်တော့် ငယ်စဉ်ဘဝရဲ့ အမှတ်ရဆုံးကတော့ အဖိုးက နယ်လှည့်တရားဟောဆရာကို ကျွန်တော်ဟာစိတ်နဲ့ဆိုင်တဲ့အရာတွေကို စွဲလန်းတောင့်တမှုရှိလို့ သူ့ရဲ့အတော်ဆုံး မြေး ဖြစ်လာလိမ့် မယ်လို့ပြောခဲ့တဲ့နေ့ပါပဲ။ ဒါပေမယ့် အဲဒီစိတ်ကပဲ ကျွန်တော့်ကို ပြန်ချုပ်ကိုင်နေပါပြီကော။ ဂေါ်ပြားလက်ကိုင်ကို မှီရင်းနဲ့ အနားမှာ ဝဲပျံနေတဲ့ ပျားတွေနဲ့ နွားချေးပိုးတွေကို မကြာခဏ ရိုက်ပုတ်နေမိပါတယ်။ ကျွန်တော့် စိတ်အစဉ်ကတော့ချောင်းကလေးဆီမှာပါ။ ချောင်းကလေးရဲ့ ကျဉ်းတဲ့နေရာကို ပိတ်ပြီး ဆည်ဆောက်ဖို့ စိတ်ကူးထားပါတယ်။ ချောင်းကိုပိတ်ပြီး ရွှံ့တွေ၊ သစ်ရွက်တွေ၊ ကျောက်တုံးတွေနဲ့တည်ဆောက်မယ်။ပြီးတော့ ရေပုံးအခွံတွေ၊ ဆေးပြင်းလိပ်ဗူးတွေနဲ့ လှေတွေကို ပင်လယ်ထဲက ရေတပ်ကြီးလိုဆောက်မယ်။ ကျွန်တော့်ရဲ့မဟာစိတ်ကူးကြီးထဲမှာ ဘယ် လောက်ကြာကြာနစ်မျော နေမိမှန်းမသိ၊ အဖိုးတောင် အနီးအနားက ယာထဲမှာရှိတဲ့လားကို "ဟေး" "ဟိုင်း" လို့ မအော် တော့ပါလား။

ကျွန်တော့်ဆီကို သူလာနေမှန်း တွေ့လိုက်မိတယ်။ပြောင်းဖူးအတန်းနှစ်တန်းကို အမြန်ဖြတ်ပြီး မေပယ်ကိုင်းကို ကိုင်ရင်း လာနေတာကိုတွေ့တော့မှပဲ သတိဝင်လာပြီး မြေကို ခပ်သွက်သွက် ဆွလိုက်မိတယ်။

"နေပါဦး၊ ငါ့မြေးရဲ့" နူးညံ့တဲ့ အသံနဲ့ ပြောတယ်။"လုပ်စရာလေးတစ်ခုရှိသဟ။ မင်းဂေါ်ပြား ဘယ်လိုနေလဲကွဲ့"။

"ကောင်းပါတယ်အဖိုး"

"ငါတော့မထင်ဘူးဟေ့၊မှန်းစမ်း"

ကျွန်တော်ကိုင်ဖို့ လက်ကိုင်တိုတိုလေးနဲ့ လုပ်ပေးထားတဲ့ ဂေါ်ပြားကို လှမ်းပေးလိုက်ပါတယ်။ လေထဲမှာ ကိုင်မြှောက်ရင်းနဲ့ ဂေါ်ပြားကို စကားပြောပါတော့တယ်။

"ဟေ့ဂေါ်ပြား၊မင်းကိုငါဒီမနက်ငါ့မြေးနဲ့အတူ ပြောင်းဖူးပင်တွေကို မြေဆွပေးဖို့ လွှတ်လိုက်တာ မဟုတ်လား? ပြောင်းဖူးတွေကို မြေဆွပေးရမယ်ဆိုတာလည်း မင်းအသိပဲ။ ဒီနှစ်ဆောင်းဦးမှာ ပြောင်းဖူးကင်တွေ ငါ့မြေးကျောင်းမှာ သူ့နေ့လယ်စာအတွက် လိုမယ်ဆိုတာလည်း မင်းအသိပဲ။ ဒါကို မင်းက ဘယ့်နှယ့် မြေမဆွဘဲ နေတာလဲကွ။မင်း ငါ့မြေးကို ကူညီရအောင် မင်းကိုငါနည်းနည်းတော့ ဆုံးမရမယ်။

ပြီးတော့ သူဟာ လက်ထဲက သကြားပင်ကိုင်းချိုးပြီး ပျော့သွားတဲ့အထိ ဂေါ်ပြားလက်ကိုင်ကို အားရပါးရ ရိုက်ပါတော့တယ်။ အားရလောက်ပြီဆိုမှ သစ်ကိုင်းအကျန်ကို လက်ထဲက လွှင့်ပစ်ရင်းနဲ့ ဂေါ်ပြားကို ကျွန်တော့်ဆီ ပြန်ပေးပါတယ်။

"သူလိမ္မာတော့မယ်ထင်တာပဲ ငါ့မြေးရေ"

"ပိုပြီးကောင်းလာမှာပါအဖိုး" သူ့ကို အာမခံ လိုက်ပါတယ်။ ကျွန်တော်မထင်ထားတဲ့ အားအင်မျိုးနဲ့ မြက်ပင်တွေကို ထိုးစိုက်ကော်ထုတ်လိုက်ပါတယ်။

"ပိုကောင်းလာမယ်လို့ ထင်ပါတယ်။"

အဖိုးကတော့ လှည့်ထွက်သွားပါတယ်။ နည်းနည်းလှမ်းတဲ့နေရာကနေ ပြန်လှည့်ကြည့်ပါတယ်။ သူ့ရဲ့ စိမ်းမြနေတဲ့ မျက်ဝန်းတွေမှာ မျက်ရည်စတွေနဲ့ပေါ့။ "မင်းအမေကို မင်းငါတို့နဲ့အတူ ထမင်းဝင်စားမယ် ပြောထားတယ်။ မင်းနောက်မကျစေနဲ့ပေါ့။ မင်းအဖွားက သစ်သီးကိတ် ဖုတ်ထားသဟော့။ ငါတို့ အချိန်မီရောက်မလာရင် သူ စိတ်ဆိုးနေမှာနော်"။

## ချစ်ခြင်းသာလျှင် အကောင်းဆုံးလမ်းစဉ်

**ဘုရားသခင်က စိတ်ရှည်သည်းခံပြီး မေတ္တာနဲ့ ကျွန်တော်တို့အားလုံးကို တစ်ချိန်လုံး သင်ပြဖို့ ကြိုးစားနေတဲ့အရာကတော့ ချစ်ခြင်းမေတ္တာ အရင်းခံပြီး မှန်ကန်တဲ့ လှုံ့ဆော်မှုဖြင့် မှန်ကန်သော အရာများကို လုပ်ဆောင်ဖို့ပါ။ ဒီဘုရားပေး သာဓကကို ပုံဆောင်ပြီး တခြားသူတွေ ကိုလည်း မေတ္တာတရားရှေ့ထားခါ အမှန်လုပ်ဖို့ နှိုးဆော်သင့်ပါတယ်။ ဘုရားက ကျွန်တော်တို့အပေါ်မှာ အလွန် သည်းခံပြီး မေတ္တာထားခဲ့သလို ကျွန်တော်တို့ကလည်း တစ်ပါးသူအပေါ်မှာ သည်းခံမေတ္တာထား တတ်ဖို့ လိုပါတယ်။**

ဒေးဗစ်ဘရန့်ဘာ့(ဂ)